မုန်ကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၆၈၀)စုနှင့် ကျား(၁၂၀၆)၊မ(၁၃၃၀)ဦးဖြင့် လူဦးရေစုစုပေါင်း(၂၅၃၆)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျှမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင်ပျှမ်းမျှနှုန်း(၅)ဦးနှုန်းထက်လျော့နည်းသည်။ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏(၆၁.၆၃%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာလူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီးဒေသစီးပွားရေတိုးတက်အောင်စွမ်းဆောင်နိုင်သည်။အမျိုးသမီးဦးရေသည်အမျိုးသားဦးရေထက် ၄.၅၄%)မျှပိုများသည်။

## (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးဖြစ်ပြီးတစ်ရွာလုံး၏ ဝင်ငွေအနေအထားများသာမန်အားဖြင့်လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏(၄၆.၄)% သည် အလွန်ဆင်းရဲနှင့် ဆင်းရဲအိမ်ထောင်စုမှာ (၂၃.၈၂)%ဖြစ်သည်။အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၂၂.၃၅%)အဆင်ပြေသောအိမ်ထောင်မှာ(၆.၉၁) %ရှိကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ ချမ်းသာသောအိမ်ထောင်စုများတွင် လယ်ယာလုပ်ငန်းအပြင် ဆန်စက်၊ လက်သမား၊ပန်းရံ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ဈေးရောင်းသော ပွဲရုံလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများလည်းရှိကြသည်။ ငွေချေး၊ အပေါင်ခံသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့သည်လည်းငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် အလွန်ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာမဲ့များ၊ လက်လုပ်လက်စား၊ လက်သမားများ၊ ဈေးရောင်းသူများပါဝင်သည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း ၊လက်လီ၊ခေါင်းရွက်သည်များ၊ဆန်စက်၊တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ ကျေးရွာတွင် အလွန်ဆင်းရဲအိမ်ထောင်စုများ၏(၃၀)%ဖြစ်သော အိမ်ထောင်စု (၁၂၅)စုကို လေ့လာ ဆန်းစစ်မှုအရ ယင်းတို့၏( ၁၀၀ )%မှာ သူတစ်ပါးထံမှချေးငှားပြီးမှနပ်မှန်စားသုံးနိုင်ကြောင်း၊တွေ့ရှိရ သည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ (၃၀၀၀၀) ကျပ်မှ (၁၀၅၀၀၀၀)ကျပ်ထိကြွေးတင်ရှိနေကြသည်။

မှုကို ကျော်လွှားနိုင်ရန် စပါးများကို ကြဲခင်းများအဖြစ် ကြဲပက်ခြင်းစနစ်ကို သုံးကြသည်။(၂၀၁၅)ခုနှစ် ဩဂုတ်လနှင့် (၂၀၁၆)ခုနှစ် ဩဂုတ်လများတွင် ရေကြီးရေလွှမ်းဒဏ်များ

ကြောင့် ကျေးရွာရှိလယ်မြေကော အားလုံးနီးပါးရေကြီးနစ်မြုပ်ပျက်စီးခဲ့ရပါသည်။တောင်သူများ၏ ငွေရေးကြေးရေး အလွန်ကြပ်တည်းခဲ့ရပါသည်။မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးကြရောက်မှုများကို တွေ့ရပြီး၊ ယင်းဖျက်ပိုးများ သည် အချို့ပိုးသတ်ဆေးများကို ခုခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများ အနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

ကျွန်တော်တို့ကျွန်းကြီးကျေးရွာတွင်ဝက်မွေးသည့်အိမ်ထောင်စုအရေအတွက်မှာ(၁၄၆)စုရှိပြီး တစ်ရွာလုံး၏(၂၁.၄၇% ) ဝန်းကျင်သာရှိပြီး ဒေသမှဝက်မျိုးများကိုမွေးမြူကြသည်။ ဒေသကြက်မွေးသည့်အိမ်ထောင်စုမှာ တစ်ရွာလုံး၏(၃၃.၀၈%)ခန့်ရှိပြီး ဈေးကွက်တွင်ဝယ်လိုအားရှိသည်။ ရာသီဥတုအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှု များမှာလည်း လက်လမ်းမီမှုအားနည်းသည်။ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းကို တည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူမရရှိနိုင်ကြချေ။ရွာထဲရှိ ငွေချေးသူများ ထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ကျေးရွာတွင် နွားမွေးမြူသော အိမ်ထောင်စုမှာ (၁၁၃)စုရှိသည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်း မရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ဈေးရောင်း၊ကုန်သည်ပွဲစား၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ လက်လုပ်လက်စား အလုပ်များမှာစိုက်ပျိုးရာသီများတွင် အလုပ်အကိုင်များပြီးကျန်အချိန်များတွင် အလုပ်အကိုင်ဝင်ငွေ မမှန်ခြင်းကြောင့်တွက်ချေကိုက်မှုနည်းပါးသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် အသက်မွေးဝမ်း ကြောင်းသင်တန်းအချို့ကိုဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိသည်။အပ်ချုပ်။ဆံပင်အလှပြင်၊မုန့်လုပ်နည်း၊မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်ရှော့စသည်တို့သည် အသက်မွေးဝမ်းကြောင်းပညာဖြစ်ကြသော်လည်းရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့်လုပ်ငန်းထူထောင်ရန်လည်းမတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသောအိမ်ထောင်စုအချို့သာအပ်ချုပ်စက်ပြင်စသော သင်တန်းများသို့အခ ကြေးငွေအကုန်ကျခံကာပို့လွှတ်သင်ကြားကြသည်။

ကျောင်းသား ဦးရေစုစုပေါင်းမှာ (၄၈၈)ဦးရှိသည်။ ကျေးရွာတွင်းရှိ မူလတန်းကျောင်းတွင်မူ ကျောင်းသားဦးရေမှာ (၁၁၈)ဦးရှိပြီး ဝန်ထမ်းအင်အားမှာ ဆရာမ(၂)ဦးသာရှိသည်။ ကျောင်းတွင် တပည့်၊ဆရာအချိုးမှာ မညီမျှသဖြင့် ကျောင်းဆရာ/မအင်အားလုံလောက်မှုမရှိပါ။ ကျောင်းသားများ၏ သင်ယူမှုအပိုင်းတွင် အခက်အခဲများရှိနေပါသည်။ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ လက်မှတ်ရသားဖွား မီးယပ် ဆရာမတစ်ဦးခန့်ထားပါသည်။ မှန်ကုန်းရွာသည် လျှပ်စစ်မီးမရရှိသဖြင့်လိုအပ်သော ဆေး များကို အအေးခန်းများဖြင့် သိုလှောင်ထားနိုင်ရန် လက်လှမ်းမမှီပါ။

သောက်ရေအတွက်လက်နှိပ်ရေတုံကင်နှင့် အဝီစိတွင်း(စက်တပ်)များမှ ရရှိပါသည်။ နွေရာသီတွင် လက်နှိပ်တုံကင်များမှ ရေလိုက်မှုအားနည်း၍ ရေရရှိမှုနည်းပါးပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကို အုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါး ဖြင့်ဆောက်လုပ်သုံးစွဲကြပါသည်။ တစ်ခြံထဲတွင် နှစ်အိမ်ထောင်၊သုံးအိမ်ထောင်နေထိုင်သူများက အိမ်သာတစ်လုံးထဲကို အတူတကွအသုံးပြုကြသည်။ စာသင်ကျောင်းတွင် အိမ်သာကို စနစ်တကျ ဆောက်လုပ်ထားသော်လည်း လုံလောက်ရုံမျှသာဖြစ်သည်။

### (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက်သီးသန့်အပန်းဖြေအနားယူစရာမရှိပါ။လူငယ်အမျိုးသား/အမျိုးသမီးများ သည်ကျေးရွာရှိလူမှုရေးလုပ်ငန်းများနှင့်ဘာသာရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက် ကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်မရှိပါ။

### (ဇ) အခြေခံအဆောက်အဦ–လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ဝေနတံတား(မြို့ကွင်း)ချဉ်းကပ်လမ်းသို့ ဆက်သွယ်ထားသော ကျောက်ခင်းလမ်းကို (၂၀၀၃) ခုနှစ်ခန့်လောက်ကတည်းကစည်ပင်မှလမ်းဖောက်လုပ်ခင်းပေးခဲ့သည်။နောက်ပိုင်းတွင် အောင်ဆန်း ဆရာတော်ဘုရားနှင့် အလှူရှင်များ၊ ကျေးရွာသူ/သားများ၏ အလှူငွေဖြင့် ပြုပြင်ခင်းကျင်းထား သည်။ ကားကြီး/လေးများ၊ထော်လာဂျီများ၊ ကုန်ကားများသွားလာမောင်းနှင်ကြသည်။ ရွာတွင်းလမ်းမှာ ယခင်က မြေသားလမ်း၊ လှည်းလမ်းများဖြစ်ကြသည်။ယခုအခါရွာသားများ၏ ကိုယ်ထူကိုယ်ထငွေကြေးစုဆောင်းကာ ကျောက်များခင်းထားကြသည်။ရေလမ်းခရီးအသုံးပြုမှုမှာ မိုးတွင်းရေကြီးချိန်တွင်သာ လှေ(၁၅၃)စီးကို အသုံးပြုပြီး ပွင့်လင်းရာသီများတွင် မော်တော်ဆိုင်ကယ်(၈၁)စီး၊ စက်ဘီး(၁၀၅)စီး၊ ထွေလာဂျီ(၁၄)စီးနှင့် ကား(၁၃)စီးတို့ကို လမ်းပန်းဆက်သွယ်ရေးအတွက် အသုံးပြုလျက်ရှိ ပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျွန်တော်တို့ရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးမှုကြောင့် တည်ငြိမ်အေးချမ်းမှုရှိပါ

သည်။ရွာသားများသည် မိုဘိုင်းဖုန်းများကိုဆက်သွယ်ရေးအတွက် အသုံးပြုနိုင်ကြပြီးလိုအပ်သော သတင်းအရင်းအမြစ်များကို လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင် သဘာဝဘေးအန္တ ရာယ်လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ကျေးရွာနှင့်ရဲစခန်း (၁၀)ခန့်သာဝေး ကွာပြီး အလွယ်တကူ ချိတ်ဆက်နိုင်၍ ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးပါသည်။

**၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားများနှင့်စိန်ခေါ် မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေနေများ**

ကျေးရွာတွင်ပညာတတ်လူငယ်များရှိပြီး လူဦးရေအားလုံး၏(၇၀%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီးကျွမ်းကျင်မှုနှင့်သက်မွေးသင်တန်းများ ကိုလူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားရင်းမြစ်များကို တိုးတက်ကောင်းမွန်စေပါ မည်။ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့်ကောင်းမွန်ကြပါသည်။ကျေးရွာ တွင်စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာလက်ရှိပညာရေးအနေအထားအတွက်ကောင်းသောအဆင့် တွင်ရှိပါသည်။

သဘာဝရင်းမြစ်များတွင် ကိုင်းမြေများသည်နုံးတင်မြေနုများဖြစ်ပြီး မြေဆီဩဇာကောင်းမွန် ကြသည်။တောင်သူများသည် ကိုင်းထွက်ကုန်များကိုရေလမ်းမှတစ်ဆင့်ဈေးကွက်သို့ အလွယ်တကူ ပို့ဆောင်နိုင်ကြသည်။

ရာဇဝတ်မှုခင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက်အသုံးပြုနိုင်ကြသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိလယ်မြေများသည် မြေဆီလွှာကောင်းမွန်သည်မှအပအခြားသယံဇာတများမထွက် ကြပါ။လယ်မြေများကိုထပ်မံတိုးချဲ့ရန်မှာမဖြစ်နိုင်သဖြင့်လယ်သမားများအနေဖြင့် အထွက်နှုန်းတိုး မြင့်အောင် ဆောင်ရွက်ရပေမည်။

စိုက်ပျိုးသီးနှံများတွင်ပိုးသတ်ဆေးအချို့ကို ခံနိုင်သောဖျက်ပိုးများလည်း ကျရောက်တတ် သည်။မြို့နယ်စိုက်ပျိုးရေးဌာနမှနည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများကိုလည်း မရရှိပါ။တောင်သူများအနေဖြင့် တည်ငြိမ်သောဈေးကွက်၊သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းပညာများ၊ လယ်ယာသုံးစက်ကိရိယာများရရှိရန်အလွန်လိုအပ်ပါသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအ ကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊အသိပညာ၊ဈေးကွက်တို့အားနည်းနေပါသည်။

**၆။ပန်းတိုင်နှင့်မဟာဗျူဟာ**

(က) ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ၄ါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို တစ်ဖက်ပါအတိုင်း ချမှတ်ထားပါသည်_

(က-၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိမှုဖြင့် ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကူးသန်းရောင်းဝယ်ရေး အဆင်ပြေချောမွေ့ တိုးတက်စေရမည်။

(က-၂)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာအ ထက်တန်းကျောင်းနှင့် ကျောင်းဆောင်သစ်များမှ ပိုမိုကောင်းမွန်သော ပညာရေးဖြင့် အနာဂတ်ကြယ်ပွင့်လေးများ၏လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာဈေးဖန်တီးခြင်း၊အလုပ်အကိုင်များဖန်တီးရရှိခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာနိုင်စွမ်း၊ စီမံခန့်ခွဲမှုယန္တရားနှင့် စီးပွားရေး အနေအထားများကို တိုးတက်ရရှိလာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ခ-၁)ကျေးရွာတွင်ရေကြီးရေလျှံမှုဖြစ်ပွားခြင်း၊မြစ်ကမ်းပါးပြိုကျခြင်းများမှကင်းလွတ်စေရန်ရေကာတာများပြုပြင်ဆောင်ရွက်တည်ဆောက်သွားမည်။ထိုတာတွင် ရေအဝင်အထွက်ကို ထိန်းညှိပေးသော ရေတံခါးအသစ်တည်ဆောက်မည်။ လယ်သမားများအတွက် ရေနှုတ်မှုအားကောင်းလာစေရန် ကွဲသောင်-ကျခတ်အုပ်စု ရေနှုတ်မြောင်းကို ရေသွားရေလာကောင်းမွန်စေရန် တူးဖော်မည်။ လယ်သ မားလှည်းကူးတံတားကိုလည်း အဆင့်မြင့် ကွန်ကရစ်တံတားအဖြစ် ပြုပြင်ဆောက်လုပ်မည်။

(ခ-၂) ကျေးရွာစာသင်ကျောင်း(၂)ကျောင်းကို မူလတန်းကျောင်းအား အဆောင်သစ်ဆောက်လုပ်ပေးခြင်း၊ အထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းဖြင့် ကလေးများပညာသင်ယူမှုကို အဆင်ချောမွေ့ရန် ဆောင်ရွက်သွားမည်။ မူလတန်းကျောင်းတွင် ဘာသာရပ်အလိုက် ဆရာ/မများလုံလောက်စွာခန့်ထားနိုင်ရေး ဆောင်ရွက်သွားမည်။

(ခ-၃) ကျွန်ုပ်တို့ကျေးရွာတွင်မဟာဓါတ်အားလိုင်းနှင့် ချိတ်ဆက်ပြီးမီးအမြန်ဆုံးလင်းရန်ဆောင်ရွက်မည်။ကျေးရွာချင်းဆက်လမ်းများကို ကျောက်ချောလမ်းအဖြစ် ပြေပြစ်ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်မည်။ကျေးရွာတွင် ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာသူ/သားများ စီးပွားရေး၊ရောင်းဝယ်ကောင်းမွန်ပြီး စားသောက်ကုန်စည်များကို လွယ်ကူစွာဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးမည်။

(ခ-၄) ကျေးရွာတွင် ရေကြည်လင်ကောင်းမွန်သော စက်တပ်အဝီစိရေတွင်း တူးဖော်ဆောင်ရွက်

